Risk Only Money စာအုပ်ဟာ စာရေးသူရဲ့ ကိုယ်တိုင်တွေ့ကြုံ ခံစားရမှုတွေနဲ့ ပြည့်နေတဲ့ စာအုပ်ပါ။ ဖတ်ကြည့်ရင်တော့ စိတ်ကူးယဉ် စာရေးဆရာတစ်ယောက်ရဲ့ လက်ရာလို့ ထင်ရပေမဲ့ ဒါတွေဟာ လက်တွေ့ဖြစ်ရပ်တွေပါ။ ဒီစာအုပ်ထဲမှာ အောင်မြင်မှုတွေ၊ ကျရှုံးမှုတွေကပေးတဲ့ သင်ခန်းစာတွေ၊ ရိုးသားမှု၊ သစ္စာရှိမှုတို့နဲ့ စပ်လျဉ်းတဲ့ သင်ခန်းစာတွေ ပါရှိပါတယ်။ (ဒီစာအုပ်ထဲမှာ လုပ်ငန်းရှင်တွေလို့ ဖော်ပြထားပေမဲ့ ကုမ္ပဏီတွေရဲ့ ဦးစီးဦးဆောင်ပြုသူတွေ၊ အမြတ်မယူဘဲ ဆောင်ရွက်နေကြတဲ့ အဖွဲ့အစည်းများမှ ခေါင်းဆောင်များအတွက်လည်း သင်ခန်းစာတွေ ပါရှိပါတယ်။ ဒီစာအုပ်ကို ဖတ်ပြီးတဲ့နောက် သင်ဟာ ပညာရှိတစ်ယောက်လို ပိုမိုပညာများ ရလာပါလိမ့်မယ်။)

*ဖရက်ဒ် ဖက်တာရော့ဖ်*

*Aluminium Company of America ၏ အငြိမ်းစား ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်*

❑

ဂျက်ရဲ့ ရှုန်းကန်မှုတွေ၊ ရရှိလိုက်တဲ့ သင်ခန်းစာတွေ၊ အောင်မြင်တဲ့အခါ ခံစားလိုက်ရတဲ့ စိတ်အလျဉ်တွေဟာ အခြားပုဂ္ဂိုလ်များအတွက် အတုယူစရာပါ။ ဒီစာအုပ်ဟာဖြင့် အလွန်တရာ ဖတ်လို့ကောင်းပြီး အတုယူစရာပါ။

*စတိဗ် ရိုင်းမန်*

*Pepsi ကုမ္ပဏီ၏ အငြိမ်းစား ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ်၊*

*Wake Forest တက္ကသိုလ် School of Business အုပ်ချုပ်သူ*

❑

ဂျက်က ဘုရားသခင်ကို ယုံကြည်သလို အလုပ်လုပ်တယ်ဆိုတာ ဘုရားသခင်ကို ဂုဏ်ပြုတာအပြင် ဘုရားသခင်ရဲ့ ကောင်းချီးတွေကို ဝေမျှခံစားစေတာ ဖြစ်တယ်လို့ ယုံကြည်ပါတယ်။ Risk Only Money စာအုပ်ထဲမှာတော့ အောင်မြင်ကျော်ကြားရေးနဲ့ သူဌေးဖြစ်လိုသူများအတွက် လမ်းပြမြေပုံ ပါပါတယ်။ ဒီစာအုပ်ကို ဖတ်ရင်းနဲ့ ဒီလူတွေကို ဂျက်က ငွေရရေးသာ မဟုတ်တော့ဘဲ ဘဝရဲ့ အဓိပ္ပာယ်ကိုပါ ပြသွားတာကို တွေ့ရရင် အံ့သြကြမှာပါ။ ဒီလိုသိလိုက်ရတဲ့အတွက် သူတို့လည်း ဝမ်းမြောက်ကြမှာပါ။

*ဒေးဗစ် ဂရင်း*

*Hobby Lobby တည်ထောင်သူနှင့် အမှုဆောင်အရာရှိချုပ်*

ဂျက် ဒီဘိုးက သူလုပ်ခဲ့တဲ့ စီးပွားရေးဆိုင်ရာ အမှားများကို ထောက်ပြသွားခဲ့တယ်။ ဒီလိုထောက်ပြသွားလို့လည်း စာဖတ်သူကို သင်ဟာ မန်နေဂျာလား၊ စီးပွားရေးလုပ်ငန်းရှင်လား ဆိုတာကို ကွဲပြားသွားစေခဲ့တယ်။ လုပ်ငန်းရှင်တွေအတွက်ကတော့ ရေရှည်မှာ စီးပွားရေးလုပ်ငန်းရှင်ဆိုတာ ငွေရဖို့အတွက် အလုပ်လုပ်နေတာ မဟုတ်ဘူးဆိုတဲ့ ရှေ့လို အဖိုးတန်တဲ့ အဆိုအမိန့်ကို ချပြသွားတယ်။ စီးပွားရေးလုပ်ငန်းရှင်တွေဟာ ငွေရဖို့ထက် မြင့်မြတ်တဲ့ အလုပ်တွေကို လုပ်ကြရင် သူတို့ကိုယ်တိုင်အတွက်ရော၊ သူတို့ ဦးစီးဦးဆောင်ပြုရတဲ့လူတွေအတွက်ပါ စိတ်ပိုင်းဆိုင်ရာ လုပ်ငန်းတစ်ရပ်ကို အကောင်အထည်ဖော်နေကြတယ်ဆိုတာ ပြသွားပါတယ်။

*အက်ဒ် ဖလာဟာတီ*

*Rapid Oil Change ကုမ္ပဏီ၏ ပိုင်ရှင်ဟောင်းနှင့် စီးပွားရေးလုပ်ငန်းရှင်*

*(ယင်း Rapid Oil Change ကုမ္ပဏီကို Valvoline Motor Oil သို့ ရောင်းချခဲ့သည်။ ဟိုတယ်၊ ရှော့ပင်းစင်တာနှင့် Apple Bee စားသောက်ဆိုင်အုပ်စု အပါအဝင် လုပ်ငန်း ၁၀၀ ခန့် ပိုင်ဆိုင်ပါသည်။ ယခု ဆိုင်းဘုတ်နှင့် ကုန်ပစ္စည်းကြော်ငြာ ပြသရေး လုပ်ငန်းများ ဆောင်ရွက်နေပါသည်။)*

❑

စီးပွားရေးလုပ်ငန်း ဆိုသည်မှာ ဘဝတစ်ခု တည်ဆောက်သလို ရူးစိုက်မှု ရှိရမယ်။ စိတ်ရောကိုယ်ပါ ရှိရပါမယ်။ *M.V. Pm* ကျောထောက်နောက်ခံ မရှိခဲ့ရင်၊ လိုအပ်တဲ့အချိန်မှာ စွန့်စားမှု မပြုခဲ့ရင်နဲ့ ထူးဆန်းထွေလာ ဖြစ်ရပ်တွေ မရှိခဲ့ရင် အောင်မြင်စရာ မရှိဘူးလို့ပြောမယ့် အုပ်စုထဲမှာ ဂျက် ဒီဘိုးက ပထမဆုံးလူ ဖြစ်လိမ့်မယ်။

*ပက် ဝီလျံ*

*အမေရိကန် ဘတ်စကတ်ဘော (NBA) အဖွဲ့ဝင်၊ Orlando Magic အသင်းတော်၏ အကြီးတန်း ဒုတိယ ဥက္ကဋ္ဌနှင့် ပူးတွဲတည်ထောင်သူ*

❑